# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့(၆. ၁၂. ၂၀၁၇) ရက်နေ့တွင် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ဆောက်လုပ်ခြင်းများပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမြင့်မားလာခြင်းများ ကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကိုမျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသောလယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခု ဦးသန်းထိုက်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုကို မတင်သွင်းခင်မှာ အဆိုရဲ့ ရည်ရွယ်ချက်ကို အနည်းငယ်တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအဆိုဟာ ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့ ကော်မတီအနေနဲ့ဆိုရင်လည်း မမှားပါဘူး။ အဆိုတင်သွင်းရတဲ့ ရည်ရွယ်ချက်မှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင်ဖွဲ့စည်းထားသော တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရယ်လို့ ပြည်သူများမှ ပြည်နယ်လွှတ်တော်သို့ ယုံကြည်အားကိုးစွာဖြင့် တင်ပြတိုင်ကြားစာများ၊ များပြားစွာလက်ခံရရှိပြီး လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ကိစ္စနှင့်ပတ်သက်၍ မြေယာအငြင်းပွားမှုများ ကူညီဖြေရှင်းပေးရန် အမှုတွဲများပြားခြင်း၊ မိမိတို့ရေးရာကော်မတီအနေဖြင့် တင်ပြတိုင်ကြားစာများကို မြေပြင်ကွင်းဆင်းစိစစ်ရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို လွဲမှားစွာ အသုံးချမှုများပြားလာခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိထားသူများအတွက် နိုင်ငံတော်အစိုးရမှ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေအပြင်နှစ်စဉ်ချေးငွေ စီမံကိန်းများပြုလုပ်ပေးနေသည့် အတွက်ကျွန်တော်တို့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာရေးရာကော်မတီအနေနဲ့ အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကိုလည်းသိရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်၊

ပြည်နယ်ဘတ်ဂျက်များဖြင့် လယ်ယာကဏ္ဍအဆင့်မြှင့်တင်ပေးခြင်း၊ ကုန်းမြင့်လယ်ယာ စီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်ပေးနေခြင်း၊ စိုက်ပျိုးတောင်သူများအတွက် သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များကို ထောက်ပံ့ပေးနေခြင်း၊ တောင်သူများလယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပိုင်ဆိုင်မှုရရှိရေးအတွက် ပုံစံ(၇)ထုတ်ပေးခြင်းတို့အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် တောင်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာမှာ တင်းကြပ်သောစီမံချက်များကိုဖြေလျှော့ဆောင်ရွက်ပေးထားတာကိုလည်းတွေ့ရှိရပါတယ်။ ယခင်တောင်သူ(၁၀)ဦးပါဝင်သောအဖွဲ့မှ(၃)ဦးအဖွဲ့သို့ ပြောင်းလဲဖွဲ့စည်းပြီး တောင်သူတစ်ဦးချင်းစီမှ လယ်ယာကုန်ထုတ်မှုစီမံချက်တင်ပြရခြင်းတို့ကို ပယ်ဖျက်ဖြေလျှော့ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ပုံစံ(၇)ရရှိထားသူများကို စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင်တစ်သိန်းခွဲထိ တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ တောင်သူလယ်သမားများအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများမှာ စိုက်ပျိုးစရိတ်အရင်းအနှီး၊ လယ်ယာလုပ်သားရှားပါးလာမှုများ၊ လယ်ယာသုံးစက်ကိရိယာ မသုံးစွဲနိုင်ခြင်းများ၊ ထွက်ကုန်သီးနှံများ ဈေးကောင်းမရခြင်း၊ စိုက်ပျိုးရေး အသိပညာအားနည်းခြင်း၊ လယ်ယာလုပ်ငန်း၌ မကျွမ်းကျင်သော ဈေးကစားလိုသူပုဂ္ဂိုလ်များ လယ်ယာလုပ်ငန်းတွင် ပေါ်များလာခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ(၇)ရရှိရန်ကြန့်ကြာခြင်း၊ မြေစာရင်းပုံစံ မထူထောင်ရသေးသည့်မြေများ များပြားနေခြင်းစသည့်အခက်အခဲများလည်း ကြုံတွေ့နေရပါတယ်။ မြေပုံမြေစာရင်း မထူထောင်ရသေးတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ များပြားနေတာလဲသိရှိပြီးဖြစ်သလိုမြေပုံမြေစာရင်း ထူထောင်တဲ့နေရာမှာလည်း ငြိမ်းချမ်းတဲ့ နေရာဒေသအပေါ်မူတည်ပြီးမှသော်လည်းကောင်း၊ ဘတ်ဂျက်အရသော်လည်းကောင်း၊ လုပ်ငန်းရဲ့ စက်ကိရိယာနဲ့ကျွမ်းကျင်ဝန်ထမ်းများလိုအပ်မယ်ဆိုတာလည်း ကျွန်တော်တို့အနေနဲ့လည်း နားလည်ထားပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ယခုအခါမှာ မြေစာရင်းမြေပုံထူထောင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နေတာကိုသိရှိရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပဲဝမ်းသာမိပါတယ်။ တောင်သူဦးကြီးများရဲ့ အခက်အခဲများကိုလည်း ဖြေရှင်းဆောင်ရွက်နေတဲ့နေရာမှာ ပုံစံ(၇)ရရှိထားသူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ဒီထက်မကထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးမှုအရင်းအနှီးရရှိစေရန် မြန်မာ့လယ်ယာမြေဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ သမဝါယမကဏ္ဍအနေနှင့် သမဝါယမအသေးစားချေးငွေနဲ့ လုပ်ငန်းသုံးလယ်ယာသုံးပစ္စည်းများအတွက် အရစ်ကျချေးငွေလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ စိုက်မွေးကုသကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိထားသူများကို နှစ်ဆင့်ချေးငွေစီမံကိန်း( JICA Two Step Loan ) အစီအစဉ်များဖြင့်လည်း ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ ယခုလို နိုင်ငံတော်မှ တောင်သူလယ်သမားများအတွက် အဘက်ဘက်မှ

ှဆောင်ရွက်ပေးနေရာတွင် ပုံစံ(၇)ကိုင်ဆောင်ထားသူများအတွက် အင်မတန်မှအကျိုးရှိပြီး တိုင်းပြည်၏စီးပွားရေးထုတ်ကုန်များ မြင့်မားလာစေပြီး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမှာလည်း အမှန်ပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် မြေအမျိုးအစား(၂၂)မျိုးရှိပြီး အဆိုပါမြေမျိုးပေါ်အခြေခံလျက် စီမံခန့်ခွဲမှုများပြုလုပ်နေကြပါတယ်။ မြို့မြေဆိုလျှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့မှ စီမံခန့်ခွဲပါတယ်။ လမ်းမြေဆိုလျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီး လမ်းမကြီးဥပဒေအတိုင်း ဆောင်ရွက်နေပါတယ်။ လယ်ယာမြေအတွက်ဆိုလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီး ၂၀၁၂ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြေအမျိုးအလိုက် စီမံခန့်ခွဲခွင့်ရှိသည့် ဝန်ကြီးဌာနနှင့် စီမံခန့်ခွဲနေသည့် ဥပဒေများသည် ခွဲခြားသတ်မှတ်ထားသည့်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုပြု နေသောတည်ဆဲဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ မည်သည့်မြေယာစီမံခန့်ခွဲမှုကိစ္စရပ်မဆို ဥပဒေကို အခြေခံရမည်ဖြစ်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းထားမှုမရှိပဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းမူဘောင်ကိုကျော်လွန် ဆောင်ရွက်၍မရပါ။ မြေစာရင်း မြေပုံမရှိသော မြေယာတစ်ခုကို စီမံခန့်ခွဲ၍ လည်းမရပါ။ မြေယာစီမံခန့်ခွဲမှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသူများသည် သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများလည်းဖြစ်ပါတယ်။ အထက်ပါ အချက်များနှင့်ကိုက်ညီမှုမရှိပဲ ဆောင်ရွက်ထားသော ဆောင်ရွက်မှုသည် အဂတိတရားလေးပါးနှင့်လည်း ငြိစွန်းနိုင်ပါတယ်။ လယ်ယာစီမံခန့်ခွဲရာတွင် စာရင်းမြေပုံမှန်ကန်ရေး၊ စာရင်းမှတ်တမ်းများမှန်မှန်ကန်ကန်ထားရှိရေးမှာ အင်မတန်မှ အရေးကြီးပြီး ၎င်းမှတ်တမ်းမှတ်ရာများ စနစ်တကျစီမံခန့်ခွဲမှုများမရှိခဲ့ခြင်းတို့ကြောင့် ပုံစံ(၇)များထပ်နေခြင်း၊ ပုံစံ(၇)ပိုင်ဆိုင်မှုအငြင်းပွားနေခြင်းများ ယခုလက်ရှိ ကြုံတွေ့နေရပြီလည်း ဖြစ်ပါတယ်။ လယ်ယာမြေဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုလည်းဖြစ်ပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ လယ်ယာမြေများကို နောင်လက်ဆင့်ကမ်းနိုင်ရေးအတွက် နိုင်ငံသူနိုင်ငံသားတွေရဲ့ တာဝန်တစ်ရပ်အနေနဲ့လည်း ယုံကြည်မိပါတယ်။ သို့ပါသောကြောင့် လယ်ယာမြေလက်မှတ်ပုံစံ(၇)ရရှိပြီးသူများအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိစေရေးအတွက်လည်းကောင်း၊ ပုံစံ(၇)များ မှန်မှန်ကန်ကန်အသုံးချနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ခြင်းလည်းဖြစ်ပါတယ်။ ယခင်ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပဥ္စမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ လယ်ယာများတိုးချဲ့ဆောက်လုပ်နေမှု၊ လယ်ယာမြေများပျက်စီးဆုံးရှုံးလာမှုများအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာအရေးယူဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဦးလှကျော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအား လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များအား ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် သုံးစွဲခွင့်ဆောင်ရွက်ခြင်းကိစ္စရပ်များကို လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားရန် ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များထံသို့ အကြောင်းကြားပြီး စိစစ်လျက်ရှိပါကြောင်းလည်း ဖြေကြားထားတာကိုလည်း တွေ့ရှိပါတယ်။ သို့ပါသောကြောင့် ၂၀၁၂ လယ်ယာမြေဥပဒေအရ စည်းကမ်းချက်များ မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ များပြားလာခြင်း၊

လယ်ယာမြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများ ကြုံတွေ့နေရပြီဖြစ်ပြီး နိုင်ငံတော်မှ စီးပွားရေး ကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီး များ၏အကျိုးစီးပွားကိုမျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေး ထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည် စိစစ်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(တတိယနေ့)သို့ ကြွရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ဆန္ဒနှင့် ဘဝတစ်ထပ်တည်းကျပါစေကြောင်းဆုမွန် ကောင်းပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်၏ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ဆောက်လုပ်ခြင်းများပြားလာမှုကြောင့် လယ်ယာ မြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများ ကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော် လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကိုမျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ကျွန်တော် ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်က လေးနက်တည်ကြည်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇) လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက် လုပ်ခြင်းများပြားလာမှုကြောင့် လယ်ယာမြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများ ကြုံတွေ့နေ ရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေး ကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန်

ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှုဖြစ်ပါတယ်။လွှတ်တော်က အဆိုကို ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးသန်းထိုက်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ ၇ ရက်(ကြာသပတေးနေ့) တွင် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅) နာရီအချိန် နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၇. ၁၂. ၂၀၁၇) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ “၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာ ခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ များပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမြင့်မားလာခြင်းများ ကြုံတွေ့ နေရပြီး နိုင်ငံတော်မှစိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကိုမျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးကဆွေးနွေးဖို့ အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဥာဏ်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဥာဏ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ (၆-၁၂-၂၀၁၇)ရက်နေ့တွင် ကလောမြို့နယ်မဲဆန္ဒနယ်

အမှတ်(၂)မှ ဦးသန်းထိုက်တင်သွင်းထားသော "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင် ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ၊များပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမြင့်မားလာခြင်းများ ကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ကျွန်တော့်အမြင်သဘောထား အချို့နှင့်အတူ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းရှိ မြို့တိုင်းလိုလိုတွင် မြို့/ ကျေးရွာ/ရပ်ကွက်နဲ့ ပတ်ဝန်းကျင်ဆက်သွယ်ရေးကောင်းမွန်သော လမ်းတစ်လျှောက်ရှိပုံစံ(၇)ထုတ်ပေးထားသောလယ်ယာမြေများမှာ အခြားနည်းလမ်းအသုံးပြုခွင့်မရှိဘဲ လူနေအိမ်များ၊ အလုပ်ရုံများ၊ အခြားမျိုးစုံဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။ ထိုသို့သောဖြစ်ရပ်များမှာ တိုးတက်လာသောလူဦးရေနှင့် အစိုးရအနေနဲ့ စနစ်တကျအိမ်ရာများ စီစဉ်ဆောင်ရွက်ပေးခြင်းမရှိတာ အဓိကကျပါတယ်။ ထိုသို့သော အခွင့်အရေးများကို အခွင့် ကောင်းယူပြီး အချို့သော ငွေရှင်များသည် စိုက်ပျိုးမြေများကို ဝယ်ယူပြီးတော့ စိုက်ပျိုးမြေကွက်ရောင်းနေတဲ့ အနေအထားကို မြို့တိုင်းလိုလိုတွေ့ရှိရပါတယ်။ ထိုသို့သော ပုံစံ(၇)ထုတ်ပေးသော မြေများကို စည်းကမ်းမဲ့စွာ အခြားနည်းလမ်းသုံးစွဲခွင့်မရှိဘဲ မြေကွက်လိုက်ရောင်းခြင်းသည် အောက်ခြေအဆင့်တွင်ရှိသော မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအဆင့်အုပ်ချုပ်ရေးမှူးများ၊ မြေတိုင်းစာရေးများပါ၊ ပါဝင်ပတ်သက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ လက်ရှိအမှန်တကယ် မြေပြင်တွင် ဥပဒေရှိလျက်နဲ့ ဖြစ်နေတဲ့ပြဿနာတွေဟာ အစိုးရအနေနဲ့ခက်ခဲစွာ ဖြေရှင်းရမယ့် အခြေအနေတွေဖြစ်နေတဲ့ အတွက် အားလုံးကို သတိပြုမိစေချင်ပါတယ်။ ယခုလက်ရှိမှာလည်း ဒီပုံစံအတိုင်း ဆက်လက်ဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်တင်သွင်းတဲ့ ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇)များကို ပြန်လည်စိစစ်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို အစိုးရအနေနဲ့ အလေးအနက်သဘောထားဆောင်ရွက်သင့်ကြောင်းနှင့် အဆိုကို ထောက်ခံဆွေးနွေးကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥကကိုယ်စားလှယ်၊ ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ များပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမြင့်မားလာ ခြင်းများကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက် သော်လည်းကောင်း၊

ကိုယ်စားလှယ်၊ ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက် များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ဆောက်လုပ်ခြင်းများ များပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမြင့်မားလာခြင်းများကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက် သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာ မြေလုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ လက်ရှိမြေယာစီမံခန့်ခွဲမှုနည်းစနစ်သည် မြေမျိုးကြီးပေါ်အခြေခံလျက် စီမံခန့်ခွဲခြင်းဖြစ်ပြီး မြေမျိုး(၂၂)မျိုး ရှိပါတယ်-

(၁) လယ်ယာမြေဆိုင်ရာအုပ်စုမြေမျိုးတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီး ၂၀၁၂ လယ်ယာမြေဥပဒေဖြင့်ဆောင်ရွက်ပြီး၊

(၂) သစ်တော၊ သစ်ပင်ဖုံးလွှမ်းမြေဆိုင်ရာ အုပ်စုမြေမျိုးတွင် တောရိုင်း/မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီးမြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊

(၃) သစ်တောကြိုးဝိုင်းမြေမျိုးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီးသစ်တောဥပဒေ၊

(၄) သတ္တုတွင်းမြေမျိုးတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီး မြန်မာ့သတ္တုတွင်းဥပဒေစသည်တို့ ဖြစ်ပါတယ်။

ဆိုလိုရင်းကတော့ မြေအမျိုးအစားပေါ်မူတည်၍ စီမံခန့်ခွဲခွင့်ရှိသည့် ဝန်ကြီးဌာနသည်ဌာနမှ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများဖြင့် ဆောင်ရွက်ခြင်းဆိုလိုပါတယ်။ လယ်ယာမြေဥပဒေသည် (၃၀. ၈. ၂၀၁၂) တွင် စတင်အာဏာတည်ခဲ့ပြီး လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းကို (၁. ၁. ၂၀၁၃)ရက်နေ့မှစတင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေနှင့် မြေနုကျွန်းမြေတို့ပါဝင်တယ်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ** လယ်ယာမြေကို လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ အသုံးချခွင့်ရခြင်းဖြစ်သည်ဟု လယ်ယာမြေဥပဒေပုဒ်မ ၃(ဃ)တွင် ရည်ညွှန်းထားပါတယ်။ **လယ်ယာမြေလုပ်ပိုင်ခွင့်အခွင့်အရေးများရရှိရန်** တောင်သူလယ်သမားများသည် မိမိတို့ လုပ်ကိုင်နေသည့် လယ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေပါ အခွင့်အရေးများရရှိရန်အတွက် လယ်ယာမြေလုပ်ပိုင်နှင့် ခွင့်

လက်မှတ် လျှောက်ထားရယူရမည်ဟု လယ်ယာမြေဥပဒေပုဒ်မ ၄ မှာ ရည်ညွှန်းထားပါတယ်။

**လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူများ လယ်ယာမြေဥပဒေပုဒ်မ ၆(စ)** လျှောက်ထားသည့်လယ်ယာမြေတွင် အမှန်တကယ် လုပ်ကိုင်နိုင်သူ/လယ်ယာမြေကို အသုံးပြု ခွင့်ရရှိထားသူဖြစ်ကြောင်း၊ အတည်ပြုခံရသူ/ အထောက်အထားတင်ပြနိုင် သူများဟုပါရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူ၏ အခွင့်အရေး လယ်ယာမြေ ဥပဒေပုဒ်မ၉(င)အရ

(၁) စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမ/ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူလုပ်ကိုင်ခွင့်ရှိသည်၊

(၂) လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့် ရှိသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ လိုက်နာရမည့် စည်းကမ်းချက်များဖြစ်တဲ့ လယ်ယာမြေဥပဒေပုဒ်မ ၁၂အရ ပုဒ်မခွဲ(၁၂)ခုရှိပြီး ၎င်းတို့ထဲမှာ-

(၁) ပုဒ်မခွဲ(င)စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်၊

(၂) ပုဒ်မခွဲ(ဆ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ၊

(၃) ပုဒ်မခွဲ(ဈ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူသည် လယ်ယာမြေ ဥပဒေပုဒ်မ ၁၂ပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ပုဒ်မ ၁၉(ဃ) တွင်လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားခြင်းဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။၂၀၁၂လယ်ယာမြေ ဥပဒေ အရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ရရှိထားသူများသည် ဥပဒေပါစည်းကမ်းများအတိုင်း လိုက်နာရမည်ဟု ဖော်ပြထားသော်လည်း လက်ရှိအခြေအနေ နေရာအနှံ့အပြားတွင် လယ်မြေများပေါ်၌ ခြံစည်းရိုး၊ တံတိုင်းများ ကာရံထားခြင်း၊ လယ်ယာမြေများအား အခြားနည်းဖြင့် အသုံးပြုခြင်းများ ပိုပိုများပြားလာပြီး လယ်ယာမြေဆုံးရှုံးမှုများ အင်မတန်မှ စိုးရိမ်စရာကောင်းလာပါတယ်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းနိုင်ငံရှိ မြေယာများကို စနစ်တကျ စီမံခန့်ခွဲအသုံးချနိုင်မှုအပေါ်တွင် မှီတည်နေကြောင်း အများသိရှိပြီးဖြစ်ပါတယ်။

မြေယာစီမံခန့်ခွဲမှု မှန်ကန်ခြင်း၊ စနစ်ကျမှုရှိခြင်းနှင့် အများပြည်သူကလည်း အဆိုပါစနစ်မှန်ကန်သော စီမံခန့်ခွဲမှု နောက်သို့ ယုံယုံကြည်ကြည် ညီညီညွတ်ညွတ်ဖြင့် လိုက်ပါဆောင်ရွက်ကြခြင်းသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို မလွဲမသွေဖြစ်ပေါ်လာစေပါမည်။ အဆို၏ ရည်ရွယ်ချက်ကို ကြည့်ခြင်းအား ဖြင့် ၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရှိသူများအတွက် လိုအပ်သော အရင်းအနှီး၊ စက်ကိရိယာပံ့ပိုးမှုများ ရရှိလာတော့မည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများမှ ဥပဒေပါ စည်းကမ်းချက်

များအတိုင်း လိုက်နာသူများကိုသာရရှိစေရန် ရည်ရွယ်ပြီး ပုံစံ(၇)၏ အကျိုးရလဒ်များကို တောင်သူများမှ ပိုမိုသိရှိလာကာ ဥပဒေပါ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာလာခြင်းဖြင့် ကျွဲကူးရေပါဆိုသလို နိုင်ငံတော်မှ တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးမှုများဟာ အကျိုးရှိလာမှာဖြစ်ပါတယ်။ လယ်ယာမြေ ဆုံးရှုံးမှုများလည်း လျော့နည်းလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာကာ တောင်သူလယ်သမားများ၏ လူနေမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် အဆိုအားတင်သွင်းခြင်းဟုလည်းမှတ်ယူမိပါတယ်။ သို့ပါသောကြောင့် ကလောမဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် တင်သွင်းသော "၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ၊ များပြား လာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်း များကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက် သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကို ဆွေးနွေး ဖို့ဖြစ်ပါတယ်။ **ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန် အစည်းအဝေး(တတိယနေ့)(၆. ၁၂. ၂၀၁၇)နေ့၌ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန်းထိုက်၏ "၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများ တိုးချဲ့ဆောက်လုပ်ခြင်းများ များပြားလာမှုကြောင့် လယ်ယာမြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများကြုံတွေ့နေရပြီး နိုင်ငံတော်မှစိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်းထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ကျွန်တော် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးတွင် ပုံစံ(၇)ပြဿနာများ ဖြစ်ပွားလျက်ရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်တွင်လည်း မြို့နယ်တိုင်းတွင် ပုံစံ(၇)ပြဿနာများ ပေါ်ပေါက်လျက်ရှိပါတယ်။ အထူးသဖြင့် ကျွန်တော့်၏ မဲဆန္ဒနယ်တွင်လည်း လူထုတွေ့ဆုံပွဲပြုလုပ်ရာတွင် ပုံစံ(၇)ပြဿနာများ ဖြေရှင်းနေရသည်မှာ နေရာတိုင်းလိုလိုဖြစ်ပါတယ်။ ပုံစံ( ၇ )သည် လယ်ယာလုပ်ကိုင်သူ တောင်သူတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့်

ဘဝအာမခံချက်ဖြစ်သကဲ့သို့ ရှိပါတယ်။ ပုံစံ(၇)ရရှိမှုအနေအထားမှာလည်း မြေပြင်နှင့် ပုံစံ(၇)မှာ ကွဲလွဲလျက်ရှိပါတယ်။ မြေပြင်စိစစ်မှုအားနည်းခြင်းကြောင့် ဖြစ်ပေါ်လာသောကွဲလွဲမှုက တောင်သူလယ်သမားများအတွက် စိုးရိမ်မှုကို ဖြစ်ပေါ်စေပါတယ်။ ဥပမာကျွန်တော်၏ မဲဆန္ဒနယ်အတွင်း၌ နောင်တောကျေးရွာအုပ်စု၊ မဖျိမလွယ်ခေါ်နေ ဦးလွယ်အား ၂၀၀၂ခုနှစ်၌ CF(Community Forest) အစုအဖွဲ့ပိုင် သစ်တောအဖြစ် သစ်တောဦးစီးဌာနမှ ထုတ်ပေးထားခဲ့ပါတယ်။ ထိုချထားပေးသော CF(Community Forest) အစုအဖွဲ့ပိုင် သစ်တောဧရိယာအထဲမှာ စိုက်ပျိုးမြေများပါဝင်ပါတယ်။ စိုက်ပျိုးမြေကို ပုံစံ(၇)အဖြစ် ၂၀၁၅ ခုနှစ်တွင် ထုတ်ပေးခဲ့ပါတယ်။ ထိုပုံစံ(၇)ရရှိသော တောင်သူမှ စိုက်ပျိုးမြေအဖြစ် အသုံးပြုရာတွင် အစုအဖွဲ့ပိုင် သစ်တောဧရိယာအတွင်း ကျရောက်နေပါသဖြင့် စကားများရန်ဖြစ်ကြရာမှတရားရုံးအထိ ဖြေရှင်းခဲ့ရပါတယ်။ သို့ပါသောကြောင့် တိကျသေချာခိုင်မာသောပုံစံ(၇) ပေါ်ပေါက်လာစေရေးအတွက် ဦးသန်းထိုက်တင်သွင်းသော နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက် သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအေးမောင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)တွင် တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်၏ "၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက် နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ၊ များပြားလာမှု ကြောင့် လယ်ယာမြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများကြုံအထူးသဖြင့် ကျွန်တော့်၏ မဲဆန္ဒနယ်တွင်လည်း လူထုတွေ့ဆုံပွဲ ပြုလုပ်ရာတွင် ပုံစံ(၇)ပြဿနာများ ဖြေရှင်းနေရသည်မှာ နေရာတိုင်း လိုလိုဖြစ်ပါတယ်။ ပုံစံ(၇)သည် လယ်ယာလုပ်ကိုင်သူ တောင်သူတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် ဘဝအာမခံချက်ဖြစ်သကဲ့သို့ ရှိပါတယ်။ ပုံစံ(၇)ရရှိမှုအနေအထားမှာလည်း မြေပြင်နှင့် ပုံစံ(၇)မှာ ကွဲလွဲလျက်ရှိပါတယ်။ မြေပြင်စိစစ်မှုအားနည်းခြင်းကြောင့် ဖြစ်ပေါ်လာသောကွဲလွဲမှုက တောင်သူလယ်သမားများအတွက် စိုးရိမ်မှုကို ဖြစ်ပေါ်စေပါတယ်။ ဥပမာကျွန်တော်၏ မဲဆန္ဒနယ်အတွင်း၌ နောင်တောကျေးရွာအုပ်စု၊ မဖျိမလွယ်ခေါ်နေ ဦးလွယ်အား ၂၀၀၂ခုနှစ်၌ CF(Community Forest) အစုအဖွဲ့ပိုင် သစ်တောအဖြစ် သစ်တောဦးစီးဌာနမှ ထုတ်ပေးထားခဲ့ပါတယ်။ ထိုချထားပေးသော CF(Community Forest) အစုအဖွဲ့ပိုင် သစ်တောဧရိယာအထဲမှာ စိုက်ပျိုးမြေများပါဝင်ပါတယ်။ စိုက်ပျိုးမြေကို ပုံစံ(၇)အဖြစ်

၂၀၁၅ ခုနှစ်တွင် ထုတ်ပေးခဲ့ပါတယ်။ ထိုပုံစံ(၇)ရရှိသော တောင်သူမှ စိုက်ပျိုး မြေအဖြစ် အသုံးပြုရာတွင် အစုအဖွဲ့ပိုင် သစ်တောဧရိယာအတွင်း ကျရောက်နေပါသဖြင့် စကားများရန်ဖြစ်ကြရာမှတရားရုံးအထိ ဖြေရှင်းခဲ့ရပါတယ်။ သို့ပါသောကြောင့် တိကျသေချာခိုင်မာသောပုံစံ(၇) ပေါ်ပေါက်လာစေရေးအတွက်ဦးသန်းထိုက် တင်သွင်းသောနိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအေးမောင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)တွင် တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်၏ "၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင် ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ၊ များပြားလာမှု ကြောင့် လယ်ယာမြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"အဆိုကို တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီကိုယ်စား အပြုသဘောဆောင်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်လူဦးရေ၏ (၇၀) ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား စိုက်ပျိုးလုပ်ကိုင်နေထိုင်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၁၂ ခုနှစ်မှစ၍ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ကို လယ်ယာမြေဥပဒေပုဒ်မ ၁၂ပါ စည်းကမ်းချက်များဖြင့် မည်သူမဆို တည်ဆဲဥပဒေ နှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်များ အခွန့်ရှည်အေးချမ်းစွာဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ပြဋ္ဌာန်းပေးသောကြောင့် စိုက်ပျိုးသူတောင်သူ ဦးကြီးများအနေဖြင့်များစွာဝမ်းပန်းတသာ ထောက်ခံကြိုဆိုခဲ့ကြပါတယ်။

သို့သော် လယ်ယာမြေဥပဒေပုဒ်မ၁၂ပါ စည်းကမ်းချက်များဖြင့် လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ အလွဲအစားထိုးအသုံးပြု ထားသည်ကို မြေပြင်တွင်များစွာတွေ့ရှိနေရတဲ့အတွက် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုများစွာ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ

ထုတ်ပေးလိုက်သော လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)အား သက်ဆိုင်ရာဌာနအနေဖြင့် ပြန်လည်စိစစ်သင့်သလို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အား မထုတ်ပေးမီကာလတွင်လည်း သေသေချာချာ စိစစ်ပြီး အရှုပ်အရှင်းအငြင်းပွားမှုမရှိမှသာလျှင် ထုတ်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လက်ရှိမြေပြင်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အငြင်းပွားမှုကြောင့် မလိုလားအပ်သော နစ်နာဆုံးရှုံးမှုများ ရှိသကဲ့သို့ မူလဓားမဦးချမြေယာပိုင်ရှင်မဟုတ်ဘဲ တစ်နယ်တစ်ကျေး မှရောက်ရှိလာသော ပုဂ္ဂိုလ်များမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ရရှိသွားပြီး မူလဒေသခံဓားမဦးချ တိုင်းရင်းသား မြေယာပိုင်ရှင်အမှန်အကန်မှာ မြေမဲ့ယာမဲ့ဘဝသို့ ရောက်ရှိနေသော အနေအထားများလည်း ဝမ်းနည်းဖွယ်များစွာ စိစစ်တွေ့ရှိနေရပါတယ်။

ဥပမာသာဓကအားဖြင့် မီးမောင်းထိုးပြရမည်ဆိုလျှင် နောင်ချိုမြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ မန်ပန်ရွာသစ်နေထိုင်သူ ဦးစိန်န + ဒေါ်စန်းအေးမိသားစုမှ တင်ပြလာသော မြေယာပြဿနာကိစ္စနှင့်ပတ်သက်ပြီး မိမိတို့ကော်မတီအနေဖြင့် (၂၂. ၁၀. ၂၀၁၇) ရက်နေ့တွင် ကွင်းဆင်းစိစစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)၏ အကျိုးဆက်ကြောင့် မလိုလားအပ်သော နစ်နာဆုံးရှုံးမှုများ ဝမ်းနည်းဖွယ်ရာတွေ့ရှိရပါတယ်။ ဖြစ်စဉ်မှာ ဦးစိန်န+ဒေါ်စန်းအေး မိသားစုသည် အဆိုပါ မန်ပန်ရွာသစ်ဇာတိဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း(၂၅)နှစ်ကျော်ကတည်းကစပြီး အဆိုပါ အခင်းဖြစ်မြေယာပေါ်တွင် ဓားမဦးချစိုက်ပျိုးလုပ်ကိုင်လျက်ရှိခဲ့ပါတယ်။ စိုက်ပျိုးလုပ်ကိုင်နေကြောင်း ပိုင်ဆိုင်မှုအထောက်အထားအနေဖြင့် နှစ်စဉ်နှစ်တိုင်း(၂၀၁၂)ခုနှစ်အထိ ဤအခင်းဖြစ်မြေကိုအကြောင်းပြု၍ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရယူထားသော ဘဏ်စာအုပ် ယနေ့တိုင်ရှိနေပါတယ်။ (၂၀၁၂)ခုနှစ်နောက်ပိုင်း မြေယာဥပဒေ ပြောင်းလဲသတ်မှတ်ရာ ဦးစိန်နအမည်ဖြင့် ပုံစံ(၇)ရရှိနိုင်ရေးအတွက် လျှောက်ထားရာ သက်ဆိုင်ရာဌာနမှ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေရသော အချိန်ဖြစ်သောကြောင့် လျှောက်ပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာဌာနမှ ညွှန်ကြားခဲ့သဖြင့် အဆိုပါ စိုက်ပျိုးဘဏ်ချေးစာအုပ်ဖြင့် ဆက်လက်ချေးယူ၍ မရကြောင်း စိစစ်တွေ့ရှိရပါတယ်။ လက်ရှိအနေအထားအရ ဦးစိန်နမိသားစုတို့သည် စိုက်ပျိုးလုပ်ကိုင်နေသော အခင်းဖြစ်မြေယာပေါ်တွင် နေအိမ်ဆောက်လုပ်ပြီး ဈေးဆိုင်ဖွင့်လှစ်၍ မန်ပန်ရွာသစ်မှ ပြောင်းရွှေ့နေထိုင်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ပုဂ္ဂလိကသကြားစက်သို့ သွားသောလမ်းကို ဖောက်လုပ်သောအခါ နေအိမ်နှင့် အခင်းဖြစ်မြေယာမှာ သကြားစက်သွားလမ်းက ပိုင်းခြားထားသော အနေအထားတွေ ရှိနေပါတယ်။ ဦးစိန်နမိသားစုတို့ အနေဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် စိုက်ပျိုးမြေမှာ ယခုအခင်းဖြစ် မြေ(၈ဧက)ခန့်ရှိ တစ်ကွက်တည်းသာ ပိုင်ဆိုင်လုပ်ကိုင်နေသောကြောင့် နေအိမ်လည်းခြံ၊ ခြံလည်းနေအိမ်သဖွယ်ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဦးစိန်နမိသားစုတို့အနေဖြင့် နှစ်ပေါင်း(၂၅)နှစ်ကျော်ကတည်းက စိုက်ပျိုးလုပ်ကိုင်လာခဲ့ရာ ဒေသခံကျေးရွာများနေအခြားပုဂ္ဂိုလ်များတွေနဲ့ မြေယာအရှုပ်အရှင်း မရှိခဲ့ဘဲ(၂၀၀၅-၂၀၀၆)နောက်ပိုင်း တရုတ်နွယ်ဖွားဦးကျော်ထွန်းဆိုသူမှ ဦးစိန်နမိသားစုပိုင် စိုက်ပျိုးမြေဘေးပတ်ဝန်းကျင်ရှိ ခြံများကို စတင်ဝယ်ယူပြီးနောက်ပိုင်းမှသာ ဦးစိန်နနှင့် ဦးကျော်ထွန်းတို့မှာ ခင်မင်ရင်းနှီးလာသောကြောင့် ဦးစိန်နမှ စိုက်ပျိုးရန် လိုအပ်

သော ပြောင်းမျိုးများ၊ မြေဩဇာများ၊ စိုက်ပျိုးရေးစရိတ်များချေးယူခဲ့ရာမှ ကျပ်ငွေ(၁၆)သိန်းခန့်အား ဦးကျော်ထွန်းသို့ပေးရန်ရှိကြောင်း သိရှိရပါတယ်။

အဆိုပါချေးငွေ (၁၆)သိန်းကိုလည်း ဦးစိန်နမှနှစ်စဉ်နှစ်တိုင်း အတိုးဖြင့် ပေးချေနေသော်လည်း အတိုးအရင်းမကျေနိုင်ပါသဖြင့် (၂၀၀၉-၂၀၁၄)ထိ (၅)နှစ်တိုင်တိုင် အခင်းဖြစ်စိုက်ပျိုးမြေအား ဦးကျော်ထွန်း ထံသို့ သီးစားချပြီးပေးစိုက်ပါက (၅)နှစ်တာအတွင်း အတိုးမယူဘဲ(၂၀၁၄)ခုနှစ်ရောက်ရှိချိန်တွင် ကျပ်ငွေ (၁၆)သိန်း ပြန်လည်ရွေးယူရန် နှစ်ဦးနှစ်ဖက်နှုတ်ကတိဖြင့် သဘောတူထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဦးကျော်ထွန်းကိုယ်တိုင်သည်ပင်လျှင် အဆိုပါအခင်းဖြစ်မြေပေါ်တွင် တစ်နှစ်တာကိုယ်တိုင် စိုက်ပြီး ကျန်(၄)နှစ် မှာ အခြားပုဂ္ဂိုလ်တစ်ဦးအား သီးစားခယူ၍ ပေးစိုက်လာခဲ့ရာ (၂၀၁၄)ခုနှစ်ရောက်သောအခါ နှစ်ဦးနှစ်ဖက် နှုတ်ကတိအတိုင်း ဦးစိန်နမှ ကျပ်ငွေ(၁၆)သိန်းဖြင့် ပြန်လည်ရွေးယူရာ နှုတ်ကတိသာရှိပြီး စာချုပ်စာတမ်းမရှိ ခြင်းကို အခွင့်ကောင်းယူ၍ ဦးကျော်ထွန်းမှ လက်မခံဘဲ ငြင်းဆန်သဖြင့် ဦးစိန်နမှ လည်းနှုတ်ကတိအတိုင်း အဆိုပါအခင်းဖြစ်မြေကို ပြန်လည်စိုက်ပျိုးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

တစ်ချိန်တည်းမှာဘဲ ဦးကျော်ထွန်းအနေဖြင့်လည်း (၂၈. ၄. ၂၀၁၄)ရက်နေ့တွင် ဦးစိန်နအား ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုဖြင့် နောင်ချိုတရားရုံးသို့ ဦးတိုက်လျှောက်ထားရာ နောင်ချိုတရားရုံးမှလည်း လက်ခံခဲ့ပါတယ်။ ဆိုလိုသည်မှာ ဦးကျော်ထွန်းသည် အဆိုပါအခင်းဖြစ်မြေအား ပိုင်ဆိုင်မှု အထောက်အထား တစ်စုံတစ်ရာမရှိဘဲ မူလခြံပိုင်ရှင် ဦးစိန်နအား တရားစွဲဆိုခြင်းကို တရားရုံးမှလက်ခံခြင်းသည် မိမိတို့ကော်မတီ အနေဖြင့်များစွာဝမ်းနည်းဖွယ်ရာတွေ့ရှိရပါတယ်။ ဦးစိန်နမိသားစုအနေဖြင့် နှုတ်ကတိကဝတ်အတိုင်း ၂၀၁၄ခုနှစ်ရောက်မှ ပြန်လည် စိုက်ပျိုးလုပ်ကိုင်လာခဲ့ရာ တရားရုံးချိန်းရက်တွင်လည်း တရားရုံးသို့သွားပြီး အမှုရင်ဆိုင်နေရင်း (၂၀၁၄၊၂၀၁၅၊ ၂၀၁၆၊၂၀၁၇) ခုနှစ်အထိ (၄)နှစ်တိုင်တိုင် ဆက်လက်စိုက်ပျိုး လုပ်ကိုင် လာခဲ့ပါတယ်။ ဦးစိန်နမိသားစုမှ ငွေကြေးအခက်အခဲကြောင့်သော်လည်းကောင်း၊ အခင်းဖြစ်ခြံမြေမှ တရားရုံးသို့ မိုင်ပေါင်း(၁၅)မိုင်ကျော်ခရီးရှိသောကြောင့်သော်လည်းကောင်း၊ တရားရုံးတွင် ထုချေပေးနိုင်ပါရန် ရှေ့နေ သည်ပင် မငှားနိုင်သောအနေအထားဖြင့် (၄)နှစ်တိုင်တိုင် ရင်ဆိုင်ဖြေရှင်းခဲ့ရပါတယ်။ရိုးသားသောဦးစိန်န တို့မိသားစု၊ငွေကြေး ချို့တဲ့သော ဦးစိန်နတို့၏ အားနည်းချက်၊ ဥပဒေကိုနားမလည်သော ဦးစိန်နတို့၏ဘဝကို အခွင့်ကောင်းယူပြီး တရုတ်နွယ်ဖွား ဦးကျော်ထွန်းသည် အခင်းဖြစ်စိုက်ပျိုးမြေအား မြေပုံစံ(၁၀၅)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို လျှို့ဝှက်ပြီး ထုတ်ယူခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။အဆိုပါမြေပုံစံကိစ္စနှင့် ပတ်သက်ပြီး တရားရုံးမှာ ရင်ဆိုင်နေရချိန် အရှုပ်အရှင်းကာလတွင် နှစ်ဦးနှစ်ဖက်ပြိုင်တူ မြေပုံစံလျှောက်ပိုင် ခွင့်မပေးဘဲ တစ်ဖက်သတ်လျှောက်ခွင့်ပေးလိုက်ခြင်းသည် သက်ဆိုင်ရာဌာနမှ လုံးဝမဆောင်ရွက်သင့်သော၊ မဖြစ်သင့်သော တရားမျှတမှုမရှိသော ကိစ္စရပ်ပင်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဦးကျော်ထွန်းအမည် ပေါက်ဖြင့် ထုတ်ယူထားသော မြေပုံစံ(၁၀၅)ကို စိစစ်ကြည့်ရာ လျှောက်ထားရက်မှာ (၁. ၇. ၂၀၁၆) ဖြစ်ပြီး သက်ဆိုင်ရာဌာနမှ (၉)လတိုင်တိုင်အချိန်ယူပြီး စိစစ်ခဲ့ရာ (၈. ၃. ၂၀၁၇)ရက်နေ့တွင် ဦးကျော်ထွန်းအမည်ဖြင့် ပုံစံ(၁၀၅)ကို တရားဝင်ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြေပုံစံ (၁၀၅)ထုတ်ယူရသော အကြောင်း

အရင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားနိုင်ရန်ဟူ၍ ပါရှိသော်လည်း ပုံစံ(၇)ကိုစိစစ်ရာတွင် သက်ဆိုင်ရာဌာနမှ ဦးကျော်ထွန်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ကို (၅. ၁. ၂၀၁၇) ရက်နေ့တွင် ထုတ်ပေးထားကြောင်း ဦးကျော်ထွန်း၏ ပုံစံ(၁၀၅) ထုတ်ပေးသော ရက်စွဲဖြစ်သည့် (၈. ၃. ၂၀၁၇) ရက်နေ့ထက်(၂)လခန့် စောစွာပုံစံ(၇)ထွက်ရှိနေကြောင်း စိစစ်တွေ့ရှိရပါတယ်။ တစ်ဆက်တည်းမှာပဲ ဦးကျော်ထွန်းအမည်ပေါက် ပုံစံ(၇)ထွက်လာသည်နှင့်အမျှ သက်ဆိုင်ရာတရားရုံးမှလည်း ဦးစိန်နအား ရုံးချိန်းပျက်ကွက်သည်ဟု အကြောင်းပြုကာ (၄. ၆. ၂၀၁၇)ရက်နေ့တွင် ဖမ်းဝရမ်းထုတ်ပြီး ဖမ်းဆီးချုပ်နှောင်ကာ ဦးကျော်ထွန်းအမှန်တကယ် ပိုင်ဆိုင်ကြောင်း ပုံစံ(၇)သည် သက်သေဖြစ်ကြောင်းဆိုပြီး တရားရုံးမှ ဦးစိန်နအား (၂၈. ၆. ၂၀၁၇) ရက်နေ့တွင် ပုဒ်မ ၄၄၇ဖြင့် ထောင်ဒဏ်(၃)လ ပြစ်ဒဏ်ချမှတ်ပေးခဲ့ပါတယ်။ (၁. ၇. ၂၀၁၇)ရက်နေ့တွင် ဦးစိန်နအား သီပေါထောင်သို့ ပို့ဆောင်ပြီး (၂. ၇. ၂၀၁၇)ရက်နေ့ နံနက်(၁၀) နာရီအချိန်တွင် တရားသူကြီး ဦးစိုင်းခမ်းလိတ်၏ ဇနီးဒေါ်အေးမွှေနှင့် ၎င်း၏အစ်မ ဒေါ်ငွေးတို့ဦးဆောင်သော လူအင်အား(၂၀)ခန့်နှင့် လိုင်စင်မဲ့ ထော်လာဂျီကားဖြင့် ဦးစိန်နမိသားစုမှ ၂၀၁၇ခုနှစ်တွင် စိုက်ပျိုးထားသော ပြောင်းခင်း(၈)ဧကခန့်နှင့် (၂)နှစ်သား ကျွန်းပင်ပေါက်များကို နောင်ချိုမြို့နယ်တရားသူကြီးအမိန့်ဟုဆိုကာ လက်လွတ်စပယ် မင်းမဲ့စရိုက်ဆန်ဆန်ဖျက်ဆီးခဲ့သည်ကို ဗွီဒီယိုဖိုင်တွဲဖြင့် မိမိတို့ရေးရာ ကော်မတီသို့ တင်ပြထားပါတယ်။

ခြုံငုံ၍ အကြံပြုထောက်ခံဆွေးနွေးရမည်ဆိုလျှင် ယနေ့လွှတ်တော်အစည်းအဝေးတွင် သီပေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်စမ်းစမ်းအေးမှ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ကိစ္စနှင့်ပတ်သက်ပြီး ပြန်လည် စိစစ်၍ ပယ်ဖျက်ပေးသင့်ကပယ်ဖျက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းမှုအပေါ် သက်ဆိုင်ရာရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စားဝန်ကြီး ဦးစိုင်းလုံကျော်မှ ပြန်လည် ဖြေကြားရာတွင် သက်ဆိုင်ရာ ပုံစံ(၇)ထုတ်ပေးသော ဌာနများအနေဖြင့်လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ပါကြောင်း၊ မကျေလည်ပါက မူလမြေယာမှုခင်း ပြန်လည်ဖွင့်လှစ်နိုင်ပါကြောင်း ဖြေကြားသည့်အပေါ် အမှန်တကယ်ပင် စာရွက်စာတမ်းပေါ်တွင် ဥပဒေနှင့် ညီမျှသော်လည်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုရှိသော်လည်း လက်တွေ့မြေပြင်တွင် လုပ်ထုံး လုပ်နည်းနှင့်မညီဘဲ ဆောင်ရွက်ထားသည်မှာ များစွာရှိနေပါတယ်။

**ဥက္ကဋ္ဌ။** နိဂုံးချုပ်ပါ။ အစီရင်ခံစာဖြစ်နေပါပြီ။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** သက်ဆိုင်ရာဌာနမှ ပုံစံ(၇)ကို ထုတ်ပေးလိုက်သောကြောင့် မူလခြံပိုင်ရှင်မှာ (၃)လတိတိ သီပေါထောင်နန်းစံခဲ့ရပြီး မိသားစုအတွက် စိုက်ပျိုးထားသော ပြောင်းခင်း(၈)ဧကကိုလည်း ဖျက်ဆီးခံရသည်မှာသက်ဆိုင်ရာဌာနများတို့၏ ထုတ်ပေး လိုက်သော ပုံစံ(၇)အကျိုးဆက်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးလိုက်သော ပုံစံ(၇)ကို လယ်ယာမြေ ဥပဒေ ၁၂ ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ/မရှိ ပြန်လည် စိစစ်ရန် လိုအပ်သကဲ့သို့ ပုံစံ(၇)မထုတ်မီ သေချာစိစစ်ရန် လိုအပ်ကြောင်း ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးသန်းထိုက်၏ တိုက်တွန်းကြောင်းအဆိုကို အပြုသဘောဆောင်၍ လေးလေးနက်နက် ထောက်ခံ

ဆွေးနွေးပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏"၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ဆောက်လုပ်ခြင်းများ၊ များပြားလာမှုကြောင့် လယ်ယာမြေများပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများ ကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုး စီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်းထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်ကြားစာများ စိစစ်ရေးကော်မတီကိုယ်စား ကျွန်တော်ကြုံတွေ့တာလေး အနည်းကျဉ်းတင်ပြ ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်မြို့မှာ လယ်ခြံမြေ(၁၀)ဧကလောက် အချင်းများထားတာရှိပါတယ်။ ခပ်များများကတော့ ကျွန်တော်တို့ တိုင်ကြားစာများစစ်ဆေးရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပြီး ပြန်လာတဲ့နောက်မှာ ပုံစံ(၇)ဆိုတဲ့ ဥစ္စာကို ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်ကြီးများကတော့သူတို့အဆောက်အဦများ၊ခြံဝင်းများ အခိုင်အမာ ဆောက်လုပ်ကြတာများပါတယ်။ ယင်းနောက်လွိုင်လင် မြို့မှာလည်း ကျွန်တော်တို့စစ်ပြီးပြန်လာတဲ့အခါ ပုံစံ(၇)ရရှိထားတဲ့ ပုဂ္ဂိုလ်က အဲ့ဒီခြံမှာ အဆောက်အဦအခိုင်အမာလုပ်ပြီးတော့မှ စားသောက်ဆိုင်ဖွင့်ပါတယ်။ အခုဆိုရင်ကားစခန်းတောင်ဖြစ်နေပါပြီ။ ထူးဆန်းတာက အဲ့ဒီခြံမှာမွေး၊ အဲ့ဒီခြံမှာကြီးပြီးတော့မှ လူလား မြောက်လာတဲ့ အမျိုးသမီးကတော့ ကျူးကျော်သူအဖြစ်နဲ့ အမှုမှာ ရင်ဆိုင်နေရပါတယ်။ ခြံနီးချင်းမှာဆို ရင်လည်းပဲ ဓါတ်ဆီပန့်တစ်ခု ဆောက်လုပ်နေတာ၊ အခုဆိုရင် (၇၀%)လောက် ပြီးစီးနေပါပြီ။ အဲ့ဒီခြံမှာ ကြီးပြင်းလာတဲ့ ကောင်မလေးအမျိုးသမီးဟာဆိုရင်လည်းပဲ ပုံစံ(၇)ပိုင်ရှင် တရားစွဲခြင်းခံရလို့ အခုတရားရုံးမှာ ရင်ဆိုင်နေရပါတယ်။ ရှိစုမဲ့စုလေးစုပြီးတော့မှ ရှေ့နေငှားလိုက်ရတဲ့အတွက် သူ့ခမျာ(၆)သိန်းလောက် ကုန်သွားပါတယ်။ အဲ့လိုဘဲ တစ်ခုထူးဆန်းတာက လွိုင်လင်မြို့နယ်ထဲမှာရှိတဲ့ ပင်လုံမြို့ရဲ့ ပင်လုံတက္ကသိုလ်နားမှာ ကျူရုံးဆိုတဲ့ ယင်းနွယ်လူမျိုးရွာတစ်ရွာရှိ ပါတယ်။ အဲဒီရွာကတက္ကသိုလ်နဲ့သိပ်မဝေးတဲ့အတွက် သက်ဆိုင်ရာ အာဏာပိုင်တွေက စည်ကားလာမယ်အထင်နဲ့ မြေကွက်ရိုက်ပြီးတော့မှ မြေနေရာချလိုက်ပါတယ်။ လူကြီးတွေလည်းယူပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေလဲယူပါတယ်။ ဝန်ထမ်းတွေလည်း ပေးပါတယ်။ ကျူရုံးရွာသားတွေကမရပါဘူး။ သူတို့ခေတ် သူတို့အခါမှာ ရောင်းကြ၊ ဝယ်ကြနဲ့ မြတ်တဲ့သူတွေလည်းတော်တော်မြတ်သွား

ကြပါတယ်။ သက်ဆိုင်ရာအာဏာရှိတဲ့ ပုဂ္ဂိုလ်များဟာလည်းပဲ ပိုက်ဆံအိတ်ကပ်ထဲထည့်ပြီးတော့မှ ပြောင်းရွှေ့သွားပါပြီ။ အခုနောက်ဆုံး ကျန်ခဲ့တဲ့အဖြေက ဘယ်လိုဖြစ်တုန်းဆိုတော့ အဲ့ဒီမြို့သစ်ဆိုတဲ့ စီမံကိန်းကလည်း လုံးဝမအောင်မြင်ပါဘူး။ ရထားယူထားတဲ့သူတွေလည်း ဘယ်သူမှ သွားမကြည့်တဲ့အတွက် အဲ့ဒီနေရာက တောကြီးဖြစ်နေပါတယ်။ အဲဒီမှာ နောက်ပြီးတော့မှ ကျူရုံးရွာအနေနဲ့ ရွာအဝင်(၂)မိုင်ဆိုတဲ့ စာကြောင်းဟာဆိုရင် စာအုပ်ထဲမှာဘဲရှိပါတယ်။ မြေပြင်မှာ မရှိပါဘူး။ အဲဒီ(၂)မိုင်အတွင်းမှာ ခြံကြီးတွေ ဘယ်လိုရကြလည်းတော့မသိဘူး။ ပုံစံ(၇) တွေရတယ်။ နောက်ပြီးကွန်ကရစ် တိုင်တွေစိုက်ပြီးတော့မှ ဝိုင်းခတ်ထားတယ်၊ အကြီးကြီးတွေ၊ ဧက(၅၀)တို့၊ ဧက(၁၀၀)တို့ ရှိပါတယ်။ အဲ့ဒီက ရွာသားတွေအနေနဲ့ စိုက်ပျိုးဖို့မြေ မရှိပါဘူး။ အဲ့ဒီနေရာမှာ တောအုပ်ကြီးဖြစ်နေတဲ့ မြို့မြေနေရာဆိုရင်လည်းပဲ နွေရာသီကျရင် တောမီးလောင်မှာကို စိုးရိမ်ရတဲ့အခြေအနေရှိပါတယ်။ အဲ့ဒါကြောင့် ခြံဝန်းခတ်ထားတဲ့နေရာမှာ သွားရောက်စိုက်တဲ့အခါကျတော့ တရားစွဲခံရပါတယ်။ ဘုမသိဘမသိတရားစွဲခံရတဲ့ ကျူရုံးရွာသားတွေဟာဆိုရင် ပုံစံ(၇) လုပ်ပိုင်ခွင့် ပိုင်ရှင်တွေရဲ့ အနည်းဆုံး(၁၀)ယောက်ကျော်လောက် တရားစွဲခြင်းကိုခံရပါတယ်။ ဒီလိုတရားစွဲခံရတာဆိုရင်လည်း အချိန်ကာလအားဖြင့် ဆယ်စုနှစ်တစ်စုစာလောက်ရှိပါပြီ။ ကတောင်မကတော့ပါဘူး။ သူတို့ခမျာ ရုံးကခေါ်တိုင်းလည်းသွားရပါတယ်။ မသွားဘဲလည်း မနေရဲပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အင်မတန်စူးရှထက်မြက်ပြီးတော့မှ အင်မတန်တိကျတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ဥပဒေနဲ့သူတို့ကို အရေးယူမှာ စိုးရိမ်တဲ့အတွက် သူတို့မနေရဲပါဘူး။ အဲ့ဒါနဲ့ သူတို့ခမျာမှာဆိုရင် မသွားချင်လည်းသွား၊ သွားချင်လည်းသွား၊ ငွေကုန်ကြေးကျအင်မတန်များခဲ့ပါတယ်။ အခုလည်း အဲ့လိုဖြစ်နေတုန်းပါဘဲ။ နောက်ဆုံးတစ်ခုအနေနဲ့ ကျွန်တော့်ကိုယ်တွေ့ပြောရမယ်ဆိုရင် ထူးဆန်းတာတစ်ခုက စူပါဝမ်းကုမ္ပဏီပါ။ အေးသာယာမြို့မှာရှိပါတယ်။ သူကဧက(၂၀၀)ကျော်လောက်ရပါတယ်။ အဲ့ဒီဧက (၂၀၀)ကျော် အစွန်အဖျားဘက်မှာဆိုရင် ရှမ်းတွေရဲ့ ဘိုးဘွား ဟော်နန်းတစ်ခုရှိပါတယ်။ ဒေသခံတွေသွားပြီး ဂါရဝပြုတဲ့နေရာပါ။ အဲ့ဒီနေရာကို စူပါဝမ်းက အုတ်တံတိုင်းခတ်၊ သံတံခါးတည်ပြီးတော့ သော့ခတ်လိုက်ပါတယ်။ အဲ့တော့ အဲ့ဒီဒေသခံလူတွေက သူတို့ရဲ့ ဘိုးဘွားတွေကိုသွားပြီး ဂါရဝပြုချင်ရင် စူပါဝမ်းကုမ္ပဏီကို သွားပြီး သော့တောင်းရပါတယ်။ သူတို့ပေးမှ သွားပြီးဂါရဝပြုရပါတယ်။ ဒီလိုဖြစ်နေတဲ့ အခြေအနေဟာ အင်မတန်ရုပ်ဆိုးပြီးတော့မှ အင်မတန်အနိုင်ကျင့်ဗိုလ်ကျစော်ကားတဲ့ အနေအထားဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုဒီလို အစစ်ဆေးမဲ့၊ အထိန်းအချုပ်မဲ့ ပုံစံ(၇)ရယ်၊ မတရားကျင့်ခြင်းခံရတဲ့ ပုံစံ(၇)တွေကို ဒီအတိုင်းပစ်ထားမယ်ဆိုရင် မိမိတို့နယ်မြေထဲမှာရှိတဲ့ မိမိတို့ ကိုယ်စားပြုလူထုတွေဟာ ဆင်းရဲကြပ်တည်းပြီး ပရမ်းပတာဆက်လက်သွားရမယ့် အနေအထားမှာရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြောကြားရင်းနဲ့ ဦးသန်းထိုက်၏နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကိုမျှော်ကိုးပြီး ရှမ်း ပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယနေ့အစည်းအဝေးမှာ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တင်သွင်း ခဲ့သော "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ၊ များပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများ ကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကိုပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း"အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းတွင်သာမက မြန်မာတစ်နိုင်ငံလုံး၏ မြို့နယ်အားလုံးမှာ လယ်ယာမြေ အငြင်းပွားမှု ပိုင်ဆိုင်မှုပြဿနာများ ဖြစ်ပေါ်နေတာကို လွှတ်တော်ကိုယ်စားလှယ်အားလုံး သိရှိပြီးသား ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဓိကဆွေးနွေးချင်တာကတော့ လယ်ယာမြေပုံစံ(၇)ကို ထုတ်ခွင့်ရသူများဟာ ခေတ်အဆက်ဆက်မှ ဥပဒေအကြောင်းကို နားလည်သူများနှင့် ဌာနနှင့်နီးစပ်သူများသာ ဖြစ်နေတယ်ဆိုတာကိုတော့ အပြုသဘောဆောင်ပြီးတော့မှ ကျွန်တော်ဆွေးနွေးပါရစေ။ ဘာကြောင့် ကျွန်တော်ဒီလို ပြောသလဲ ဆိုလို့ရှိရင် တစ်ချို့သော လယ်မြေများမှာ သစ်တောမြေအဖြစ် မစွန့်လွှတ်ခင်တောင်မှ ပုံစံ(၇)ထုတ်ပေးထားတာများကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ ဒါတွေဖြစ်ပေါ်လာတာတွေကလည်း ဒေသခံတောင်သူများမှာ ဥပဒေကို နားမလည်ခြင်း၊ လျှောက်ရမည့် ပုံစံ(၇) လုပ်ထုံးလုပ်နည်းများကို အသိနောက်ကျခြင်းတို့ကြောင့် ဖြစ်တယ်လို့ ယူဆရသလို တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်ပေးရသော ဌာနများ၏ အားနည်းချက်များကြောင့်မို့လဲ ဖြစ်ပေါ်နေပါတယ်။ တစ်ချို့သောနေရာများမှာဆိုလျှင် နေရာတစ်ကွက် ထဲကိုပုံစံ(၇)ထုတ်ပေးထားတာ ထပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ယနေ့နိုင်ငံတော်မှ တောင်သူလယ်သမားများ၏အကျိုးစီးပွားကို မျှော်ကိုး၍ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရာတွင်လည်း ပုံစံ(၇)ရှိသူများသာရရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ လူထုတွေ့ဆုံပွဲများသွားသည့်အခါမှာ မဲဆန္ဒရှင်ပြည်သူများက ပုံစံ(၇)မရရှိသေးတဲ့အခါမှာ ပုံစံ(၇)ကို မည်သို့မည်ပုံရရှိအောင် ဆောင်ရွက်ရမည်ဆိုတဲ့ဟာကို မေးမြန်းလာတဲ့အတွက် ကျွန်တော်တို့က ဥပဒေနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ထုတ်ယူပုံအဆင့်ဆင့်ကိုမှာကြားခဲ့သော်လည်း အချို့ဒေသများမှာ သတ်မှတ်

ထားသော အချိန်ကာလအတွင်း ပုံစံ(၇)များရရှိခဲ့ပါတယ်။ တချို့ဒေသများမှာတော့ ယနေ့အချိန်ထိ ကြန့်ကြာနေတာကို စိတ်မကောင်းစရာ တွေ့ရှိရပါတယ်။ ဒီလိုအခက်အခဲများစွာကို ဖြေရှင်းဆောင်ရွက်ပေးရာ လယ်ယာမြေဥပဒေ ၂၅ အရ အပြီးဖြတ်ပြီး နေပြည်တော်၊ လယ်ယာမြေစီမံခန့်ခွဲမှု အဆုံးအဖြတ်သည် မူလလယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရှိထားသူအမည်နှင့် မကိုက်ညီသော်လည်းကောင်း၊ ဦးပိုင်ခွဲခြမ်းစိတ်ဖြာ၍ ဧရိယာပြောင်းလဲရမည်ဆိုလျှင်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်အပြည့်အစုံနှင့်အတူ ကာယကံရှင်တို့၏ လက်ဝယ်တွင် ပုံစံ(၇)ဥပါဒါန် ဆုံးဖြတ်ချက်နှင့် ဖျက်သိမ်းရမည်ဖြစ်ကြောင်းကို လယ်ယာမြေဥပဒေပုဒ်မ ၂၅(ဂ)မှာ ဖော်ပြထားပါတယ်။ ကျွန်တော်ဆွေးနွေးလိုတာကတော့ ယနေ့ဖြစ်ပေါ်နေသည့် လယ်ယာမြေ အငြင်းပွားမှု ပြဿနာများကို ဥပဒေအရဆောင်ရွက်ရင် ပြီးစီးနိုင်တယ်ဆိုတဲ့ ကျွန်တော်တို့ အပြောအဆိုမျိုးတွေရော၊ ညွှန်ကြားချက်တွေရော တကယ်တမ်း မြေပြင်အခြေအနေမှာ ရှိနေပါတယ်။ ဘာလို့ ကျွန်တော်ဒါတွေ ဆွေးနွေးတင်ပြရသလဲဆိုရင် ကျွန်တော်တို့ လယ်ယာမြေ ပြဿနာများ ဖြေရှင်းတဲ့ မြို့နယ်အဆင့်မှာ၊ တင်ပြလိုက်တိုင်းမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီကလည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကျွန်တော် ပြောချင်တာက ဥပဒေပါအချက်အလက်များ၊ ညွှန်ကြားချက်များသည် အင်မတန်မှကောင်းသော်လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်၏ နယ်မြေဒေသ အခြေအနေအရ ဥပမာဆိုကြပါစို့ လယ်ယာမြေ အငြင်းပွားမှု ပြဿနာကိုပုံစံ(၇)ထုတ်ပေးလိုက်သည့် အချိန်မှာ တစ်ဖက်မှ အယူခံဝင်လျှင် ရက်ပေါင်း(၃၀)အတွင်း အယူခံဝင်ရမည်ဟု မနက်က ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းတဲ့ မေးခွန်းမှာပါသလို ဝန်ကြီးဖြေတဲ့အဖြေကို အချိန်ကိုအားနာလို့ အတိုချုံးဘဲပြောပါမယ်။ တကယ်တမ်းကတော့ ဥပဒေနဲ့ လုပ်လိုက်ပါတယ်။ ကြော်ငြာတဲ့ နယ်မြေဒေသ၏ အခက်အခဲကြောင့် လကုန် ရက်(၃၀)ရက်အတွင်းမှာ တကယ်ဖြစ်ပေါ်နေသော နေရာသို့(၂၈)ရက်နေ့လောက်မှ ရောက်သွားတာကိုလည်း ကျွန်တော်တို့က မြေပြင်မှာတွေ့ ကြုံနေရပါတယ်။ အဲ့သလို အခက်အခဲမျိုးတွေကို ဖြေရှင်းဆောင်ရွက်တဲ့ နေရာမှာ ဥပဒေပါအတိုင်းရှိသလို ရှမ်းပြည်နယ်အစိုးရအနေဖြင့်လည်း ရှမ်းပြည်နယ်ရှိ ပြည်သူလူထုများ၏ ဘဝနှင့်တောင်သူလယ်သမား၏ဘဝကို ငဲ့ညှာသောအားဖြင့်ဥပဒေမှာပါ ရှိသလို ထုတ်ပေးထားသော ပုံစံ(၇)များကို လည်းပြန်လည်စိစစ်မှသာလျှင်ကောင်းမွန်သောအခြေအနေနှင့်မလို လားအပ်သော ပြဿနာများမဖြစ်ပေါ်လာမှာဟု ကျွန်တော့်အနေနှင့် ယူဆသောကြောင့် ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တင်သွင်းသော"၂၀၁၂လယ်ယာ မြေဥပဒေအရ ထုတ်ပေးထားသောလယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) လယ်ယာမြေဥပဒေပုဒ်မ၁၂ပါစည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ဆောက်လုပ်ခြင်းများ၊ များပြားလာမှုကြောင့် လယ်ယာမြေများ ပျက်စီး ဆုံးရှုံးမှုမြင့်မားလာခြင်းများ ကြုံတွေ့နေရပြီးနိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍအတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏ အကျိုးစီးပွားကိုမျှော်ကိုးပြီးရှမ်းပြည်နယ်အတွင်းထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)များကိုပြန်လည်စိစစ်ရန်ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ပြန်လည်ဆွေးနွေး ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် တင်သွင်းတဲ့ “၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ (၇) လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို မလိုက်နာခြင်း၊ အိမ်ရာများတိုးချဲ့ ဆောက်လုပ်ခြင်းများ များပြားလာမှု ကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု မြင့်မားလာခြင်းများကြုံတွေ့နေရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍ အတွက်သော်လည်းကောင်း၊ တောင်သူဦးကြီးများ၏အကျိုးစီးပွားကို မျှော်ကိုးပြီး ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို ပြန်လည်စိစစ်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပေးသွားမှာဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၁၂မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ရရှိသူများလိုက်နာရမည့် စည်းကမ်းများဖော်ပြထားပါတယ်။ ပုဒ်မ ၉ တွင်လုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားပါတယ်။ ဥပဒေတွင် နိုင်ငံတော်အတွင်းရှိ လယ်ယာမြေဆုံးရှုံးမှုမရှိစေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေကို လယ်ယာစိုက်ပျိုးမှုမှအပ အခြားနည်းအသုံးချခြင်း မပြုရန် နည်းလမ်းသတ်မှတ်ပြီး တားမြစ်ထားသကဲ့သို့ တောင်သူ များ၏အကျိုးစီးပွားအတွက်လည်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပါတယ်။ ထို့အပြင်လိုအပ်ချက် များအရ စက်ရုံ၊ အလုပ်ရုံတည်ဆောက်ရန်၊ လူနေအိမ်များဆောက်လုပ်ရန်၊ လမ်း၊ တံတားများတည်ဆောက် ရန်၊ ကျောင်းဆေးပေးခန်း၊ ဘာသာရေး အဆောက်အဦများဆောက်လုပ်ရန်နှင့် အခြားလိုအပ်သော လုပ်ငန်း များ ဆောင်ရွက်ရန်လည်း လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းအသုံးပြုရန် ခွင့်ပြုနိုင်ကြောင်းကို ပုဒ်မ ၂၉၊ ၃၀(က)၊ ၃၀(ခ)နှင့် ၃၁ တို့တွင် ပြဋ္ဌာန်းထားရှိပါတယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ပြု ရာ၌ ပုဒ်မ ၃၀(က)အရ လယ်မြေများကို ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ခံချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကခွင့်ပြုပြီး ယာမြေများကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုရာ၌ ပုဒ်မ ၃၀(ခ)အရ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ခံချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြု ပေးလျက်ရှိပါတယ်။ ထိုသို့ခွင့်ပြုရာ တွင် မြို့နယ် / ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ အဆင့်ဆင့်

စိစစ်ချက်များနှင့် အမှန်တကယ်လိုအပ်သည့် ဧရိယာကိုသာ အများပြည်သူအကျိုးငှာ ခွင့်ပြုပေးလျက်ရှိပါတယ်။ အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်နေ့မှ (၆)လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင်သော် လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်ကြောင်း ပုဒ်မ ၃၁ တွင် ပြဋ္ဌာန်းပါရှိပါတယ်။

အခြားနည်းအသုံးပြုခွင့်ပြုချက်ရရှိပြီးသည့် လယ်ယာမြေ များကို နည်းဥပဒေ ၉၁ အရ မြို့နယ်/ခရိုင် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့များက ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်သည့်ကာလအတွင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ လုပ်ငန်းမပြီးစီးလျှင်သော်လည်းကောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဓါတ်ပုံမှတ်တမ်းများနှင့်အတူတင်ပြပြီး နည်းဥပဒေ ၉၂ အရ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဥပဒေ ပုဒ်မ ၃၁ နှင့်အညီ အရေးယူနိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရပါတယ်။ ထိုသို့တင်ပြချက်ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်သုံးသပ်ပြီး နည်းဥပဒေ ၉၃ အရ လယ်ယာမြေအခြားနည်း အသုံးပြုခွင့်ကိုပယ်ဖျက်ခြင်း၊ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပေးထားသော ခွင့်ပြုမိန့်ကို ပယ်ဖျက်စေရန် အကြောင်းကြားခြင်းများ ပြုလုပ်ရမှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)နှင့် ပုဒ်မ ၃၀(ခ)တို့အရ ခွင့်ပြုခဲ့သည့် လယ်မြေနှင့်လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့် ခွင့်ပြုပေးခဲ့ခြင်းများကို လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး လယ်ယာမြေနည်းဥပဒေ ၉၁၊ ၉၂ တို့အရ စိစစ်ပြီး ပြန်လည်တင်ပြရန်အတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅. ၅. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊၁၂/လယန၃၀-၁၃၆/၂၀၀၇ ဖြင့် ညွှန်ကြားထားရှိပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အထက်ပါညွှန်ကြားချက်များအပေါ်မှာ ရှမ်းပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် အနေဖြင့် လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့်၊ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများနှင့်ပတ်သက်ပြီး လယ်ယာမြေကိုစနစ်တကျ အခြားနည်းသုံးစွဲမှု ရှိ/မရှိနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေထုတ်ပြန်ပြီးမှသာ (၁. ၁. ၂၀၁၃)ရက်နေ့မှ စတင်ဆောင်ရွက် ပေးခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးမှုအခြေအနေကို Power point ဖြင့် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တစ်မြို့နယ်ချင်းအလိုက်၊ တစ်ခရိုင်ချင်းအလိုက် ထုတ်ပေး ထားခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစီမံချက်ကို တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်မှာ လယ်ယာမြေ လုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်း ပမာဏမှာ တောင်သူဦးရေ(၆၉၈၃၀၂)ဦး၊ ဦးပိုင်(၈၈၃၄၃၂)ဦးပိုင်ရှိပြီး၊ ဧရိယာအားဖြင့်(၂၇၉၃၅၀၆)ဧကေ

ရှိပါတယ်။ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီးစီးမှုမှာ တောင်သူဦးရေမှာ (၃၁၈၀၈၉) ဖြစ်ပြီး ဦးပိုင်(၄၁၂၃၀၄)၊ ဧရိယာအားဖြင့် (၁၀၆၂၆၂၇) ဧကထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။တောင်သူ(၃၈၀၂၁၃)ဦး၊ ဦးပိုင် (၄၇၁၁၂၈)၊ ဧရိယာအားဖြင့်(၁၇၃၀၈၇၉)ဧက ဆောင်ရွက်ရန်ကျန်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၄၇%) ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ (၇. ၁၂. ၂၀၁၆) /၁၂/လယ-၇၀၂၅/၂၀၁၆ပါ စာအမှတ်ဖြင့် အချိန်နှင့် တစ်ပြေးညီ ရာနှုန်းပြည့်ပြီးစီးရေးအတွက် ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ထုတ်ပေးပြီးစီးမှုအပေါ် ပြန်လည်စိစစ်ခြင်း လုပ်ငန်းများကိုလည်း စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) များနှင့် ပတ်သက်၍ လယ်ယာမြေအခြားနည်းအသုံးပြုမှု၊ လယ်ယာမြေစိုက်ပျိုး ထုတ်လုပ်မှု၊ စည်းကမ်း ပျက်ကွက်မှုများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက် နိုင်ရေးနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြနိုင်ရေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးမြေမဆုံးရှုံးစေရေး၊ မြေအသုံးချမှု မှန်ကန်စေရေးကို လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ကိုယ်စားလှယ်များအနေဖြင့် သိရှိလို သည့်မြို့နယ်၊ ဒေသအလိုက် မေးခွန်းများဖြင့် မေးမြန်းခြင်းအားဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိစစ် ဆောင်ရွက်မှုများနှင့်အတူ မှတ်တမ်းများကျန်ရှိမှာဖြစ်တဲ့အတွက် မေးခွန်းအဖြစ် မေးမြန်းနိုင်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပြီး မှတ်တမ်း အဖြစ်ထားရှိဖို့အတွက် ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၅(စ) နဲ့(ဆ)အရ သက်ဆိုင်ရာ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးနိုင်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ကျွန်တော့်ရဲ့အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အကျယ်တဝင့် ဆွေးနွေးပေးတာကိုလည်း အထူးပင်ကျေးဇူးတင် ရှိပါတယ်။ အဆိုကို တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်မှာလည်း အဆိုကို ထောက်ခံတင်ပြဆွေးနွေးကြတဲ့ ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေမှာလည်းပါပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေ ဗဟိုစာရင်းအင်းဦးစီးဌာနမှ ထုတ်ပေးထားတဲ့ လယ်ယာမြေနည်းဥပဒေ ၁၂ အရ ထုတ်ပေးထားတဲ့ စည်းကမ်းချက်နဲ့မညီညွတ်တဲ့ဟာတွေကို နည်းဥပဒေ ၁၉ အရ အရေးယူဆောင်ရွက်ပေးပါရန်ဆိုပြီး (၁၅-၅-၂၀၁၇)ရက်နေ့တွင် လမ်းညွှန်ချက်ပေးထားတဲ့အတိုင်းရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အကောင်

အထည်ဖော် ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ သိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်သိသလို လွှတ်တော်ကိုယ်စားလှယ်အားလုံးလဲ သိရှိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတာလည်း ထည့်သွင်းရမည့်အချက်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တိုင်း မိမိတို့မဲဆန္ဒနယ်မြေမှာ ကြုံတွေ့နေရတဲ့ အကြီးမားဆုံးပြဿနာပဲဖြစ်ပါတယ်။ ဦးပိုင်အမှတ်တွေများပြားလာတာတွေ၊ လုပ်ကိုင်ရ ကျယ်ပြန့်လာတာတွေကိုလည်း ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့်ဒီလက်မှတ်တွေကို ထုတ်ပေးတဲ့ ဌာနတွေကိုယ် တိုင်ကတာဝန်ယူ၊တာဝန်ခံပေးဖို့လည်းလိုပါတယ်။ ဒီကိစ္စကိုဖြေရှင်းရာတွင်လည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ရော၊လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဌာနဆိုင်ရာတွေရောပူးပေါင်းပါဝင်ပါက ပိုမိုလုပ်ကိုင်ရ မြန်ဆန်ပြီးအောင်မြင်မယ်လို့ထင်ပါတယ်။ ပြီးတော့ပုံစံ(၇)လက်မှတ်ရထားတဲ့သူတွေကိုလည်း နိုင်ငံတော် အစိုးရမှနေပြီးနှစ်ရှည်ချေးငွေတွေ ထုတ်ပေးမယ့်စီမံကိန်းများရှိသည့်အပြင်စက်ကိရိယာများဝယ်ယူနိုင် သောချေးငွေစနစ်များကိုလည်း ထုတ်ပေးတာတွေရှိလာမည့်အတွက် ဒီအစီအစဉ်ဟာအထူးပဲ ကောင်းမွန် လှပါတယ်။ဒါကြောင့် ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုတဲ့အတိုင်းအစိုးရ၊ လွှတ်တော်၊ ပြည်သူတွေ ပူးပေါင်း ပြီးဒီပြဿနာကို ပူးပေါင်းဖြေရှင်းရမှာဖြစ်ပါတယ်။ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ အောက်ခြေ ခရိုင်/ မြို့နယ် တွေရဲ့လုပ်ဆောင်မှုတွေ အရမ်းပဲကွာဟနေတာကို လွှတ်တော်ကိုယ်စားလှယ်အားလုံးလဲသိရှိပြီး ဖြစ်ပါတယ်။ ဒီအတိုင်းသွားမယ်ဆိုပါကမြန်မြန်နဲ့ ခရီးရောက်နိုင်စရာမရှိပါဘူး။ ဒေသခံတောင်သူလယ်သမားများ ၏အကျိုးတိုးတက်ရေးအတွက်ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လက်အောက်မှာရှိတဲ့ ခရိုင်/မြို့နယ်များကိုဖိဖိ စီးစီးနဲ့ လုပ်ကိုင်သွားရန်လိုအပ်ပါသောကြောင့် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးသွားတဲ့နေရာမှာ ဒီအဆိုကို မှတ်တမ်းအဖြစ်ထားရှိဖို့ ဆွေးနွေးသွားပါတယ်။ အဆိုကိုတင်သွင်းတဲ့ကိုယ်စားလှယ်က ၎င်းအဆိုကို အတည်ပြုပေးဖို့ လွှတ်တော်ရဲ့ ဆန္ဒရယူလိုပါကြောင်း တင်ပြလာတဲ့အတွက် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ မှာဖြစ်ပါတယ်။၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇ (က)အရ အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်၏ များရာမဲဆန္ဒဖြင့် ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါ တယ်။

ယခုအဆိုကိုအတည်ပြုရန် ထောက်ခံတဲ့ဦးရေက (၅၀)ဖြစ် ပါတယ်။ ကျန်တဲ့ဦးရေက(၅၄)ဖြစ်ပါတယ်။ ကျန်တဲ့ဦးရေ(၅၄) ထဲကလည်း အဆိုကို ထောက်ခံလည်းမထောက်ခံဘူး။ ကန့်ကွက်လည်း မကန့်ကွက်ဘူး ဆိုတဲ့ ကြားနေမဲတွေရှိ ကောင်းရှိနိုင်ပါတယ်။ ဒါကြောင့် ကြားနေမဲနေတဲ့ ကိုယ်စားလှယ်များ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။

ကြားနေမဲမှာ(၃)မဲဖြစ်တဲ့အတွက် ကန့်ကွက်တာ(၅၁)မဲ ဖြစ်ပါတယ်။ အဆိုကိုအတည်ပြုရန် ထောက်ခံသူ(၅၀)ဦး၊ အဆိုကို အတည်ပြုရန်ကြားနေသူ(၃)ဦး၊ အဆိုကိုအတည်ပြုရန် ကန့်ကွက်သူ

က(၅၁)ဦးဖြစ်ပါတယ်။ နည်းဥပဒေ ၃၇ အရ ထောက်ခံသူနဲ့ ကန့်ကွက်သူကို နှိုင်းယှဉ်တဲ့အခါ ကန့်ကွက်သူကများသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းဆွေးနွေးတဲ့အတိုင်း အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။